# အလိုတော်အတိုင်း

*"ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့် ဖြစ်တော်မူ၏။ အသီးသီးသော အခက်ရှိသမျှတို့ကို သာ၍သီးစေခြင်းငှာ သုတ်သင်ရှင်းလင်းတော်မူ၏။"*
(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၅း၂)

မကြာခင်မှာပင်သာယာသော စက်တင်ဘာလ၏ ညဦးအချိန်ကို ဘုရားရှင် ပြင်ဆင်ပေးမည်ဖြစ်သဖြင့် ကျေးဇူးတော် ချီးမွမ်းကြပါစို့။ စက်တင်ဘာလသည် မြန်မာလတွင် တော်သလင်းလနှင့် တိုက်ဆိုင်ပါသည်။ တော်သလင်းမြစ်တွင်း သင်းဖြူးခင်း ဆိုသည့် ရှေးစကားအတိုင်း လှိုင်းလေ ငြိမ်သက်၍ မြစ်ထဲမှာ လေမထန်လှိုင်းမရှိသောကြောင့် သဘော်၊ လှေ၊ ရွက်နာဝါတို့ ကောင်း မွန်စွာ ခရီးပြုနိုင်ပါ၏။ ရှေးရှေးက မြန်မာတို့သည် တော်သလင်းလကို သစ်ဆင်းလ ဟုခေါ်ကြောင်း ပုဂံကျောက်စာတွင် တ်သ္လင်မှ တၢီသ္လင်ဟု ရေးသားကြောင်း မြန်မာစာကျောင်းသားထူးအုပ်စိုး ကပြောပြပါသည်။ စစ်စစ် . . . မြစ်အတွင်းမှာ လှိုင်းလေငြိမ်သက်၍ သစ်ဖောင်များ မျောသောလဖြစ်၍ သစ်ဆင်းလဟု ခေါ်ပါသတဲ့။

သစ်မျောသည်ဟု ဆိုသဖြင့် သစ်ပင်သုံးပင် ပုံပြင်ကလေးကို သတိရမိပါသည်။ တစ်ခါက သစ်ပင်သုံးပင်တို့သည် တော၌ အတူတကွ နေထိုင်ရှင်သန်ကြပါ၏။ တစ်နေ့တွင် သစ်ခုတ်သမားများက လာရောက်ခုတ်ယူသောအခါ၊ ပထမသစ်ပင်က . . . ငါတော့ ခမ်းနားတဲ့ နန်းတော်တိုင်ဖြစ်ချင်တာ၊ အခု ငါ့ဆန္ဒပြည့်တော့မယ်။ ဘုရင်တွေ မိဘုရားတွေ၊ ဝန်ကြီးမှူးမတ်တွေကြားမှာ အကျိုးပြုရတော့မယ်ဟု ပြောသတဲ့။ ဒုတိယသစ်ပင်က ငါတော့ လမ်းနဘေးက မီးရှူးတိုင်ကြီးဖြစ်ချင်တာကွ၊ အခုငါ့ဆန္ဒပြည့်တော့မယ်။ လူတွေကို အလင်းပေးတဲ့ ဂုဏ်သိက္ခာမြင့်မြင့်မားမား မီးတိုင်ကြီးဖြစ်ရတော့မယ် . . . ဟု ပြောပါ၏။ တတိယသစ်ပင်က . . . ငါက ပင်လယ်ကူးသဘော်ဖြစ်ချင်တာကွ၊ အခုငါ့ဆန္ဒပြည့်တော့မယ်။ နိုင်ငံအနှံ့အပြားကို လူအများကို သယ်ဆောင်ပြီး ခရီးသွားရတော့မှာ မို့ အရမ်းပျော်တာပဲ။ သူငယ်ချင်းတို့ရေ . . . ငါသွားပြီဟေ့ . . . လို့နှုတ်ဆက်ခဲ့ပါသတဲ့။

သို့သော်လည်း သူတို့ထင်သလိုဖြစ်မလာပါဘူး။ နန်းတော်တိုင်ဖြစ်ချင်တဲ့သစ်ပင်က နွားစာခွက် ကလေး ဖြစ်သွားပြီး သခင်ယေရှုမွေးဖွားတဲ့အခါ အသုံးခံရ ပါသည်။ မီးရှူးတိုင်ဖြစ်ချင်တဲ့ သစ်ပင်က လက်ဝါးကားတိုင်ဖြစ်လာပြီး သခင်ယေရှုအသေခံတဲ့အခါ အသုံးတော်ခံရပါသတဲ့။ ပင်လယ်ကူးသဘော်ဖြစ်ချင်တဲ့ သစ်ပင်ကတော့ . . . တံငါလှေဖြစ်လာပြီး သခင်ယေရှု တရားဟောတဲ့အခါ အသုံးတော်ခံရပါသတဲ့။

လောက၌ မျှော်လင့်သည်နှင့် မတူညီသော အနေအထားမှာ ရှိနေသော်လည်း စိတ်ပျက်ရန် မဟုတ်ပါ။ နိမ့်ကျသည်ဟု အောက်မေ့သော်လည်း ဘုရားသခင်ရှေ့မှာ မျက်နှာ ရဖို့သာလိုရင်းဖြစ်ပါ၏။ သခင်၏အကြံအစည်နှင့် အသုံးတော်ခံရခြင်းသာလျှင် ကောင်းကြီးမင်္ဂလာဖြစ်စေ၍ သာ၍ သီးသောအသက်တာကို ပြုစုခြင်းဖြစ်ပါသည်။

*မှတ်ချက်။ ။ ၂၀၀၆ ခုနှစ်ထုတ် ညစဉ်ခွန်အား အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာအုပ်မှကိုးကားတင်ပြထားပါသည်။*

✞✞✞✞✞✞

**တကယ်တော့ . . .**

ပညတ်တော်ကာလ (ဓမ္မဟောင်းခေတ်) မှာ ဘုရားသခင့်စံနှုန်းဖြစ်တဲ့ ပညတ်တော် (၁၀)ပါး တစ်ခုမချန် လိုက်နာနိုင်ပါမှ ကောင်းသောနေရာ (ကောင်းကင်နိုင်ငံ) ဝင်စားနိုင်မှာဖြစ်တယ်။ တစ်ခုကျန်မိ၊ ချိုးဖေါက်မိရင်တော့ သင့်အဘိုး၊ ကျွန်ုပ်အဘွား၊ အဘိုးအဘွားတွေ ယေရှုသိ၏ မသိ၏မဆိုင်ဘူး။ ငရဲလားမှာ ... မြေကြီးလက်ခတ်တာမှလွဲအုံးမယ် ကျမ်းစကားအရပါ။

ကျေးဇူးတော်ကာ (ဓမ္မသစ်ခေတ်) မှာ ဘုရားသခင့် ကျေးဇူးတော် စံနှုန်းဖြစ်တဲ့ သခင်ယေရှုခရစ်ကို မိမိရဲ့ ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံပါမှ ကောင်းသောနေရာ (ကောင်းကင်နိုင်ငံ) ဝင်စားနိုင်မှာဖြစ်တယ်။ မယုံကြည်လို့ လက်မခံမိရင်တော့ သင်ကောကျွန်ုပ်ပါ တရားကောင်းကျင့်၏ မကျင့်၏နှင့် မဆိုင်ဘူး။ ငရဲလားမှာ .. မြေကြီးလက်ခတ်တာမှလွဲအုံးမယ် ကျမ်းစကားအရပါ ..။

–သျှင်ညို–